# မဟာမင်္ဂလသုတ်ပါဠိ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဧဝံ မေ သုတံ၊ ဧကံ သမယံ။ ဘဂဝါ သာဝတ္ထိယံ။ ဝိဟရတိ။ ဇေတဝနေ။ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ။ အညတရာ ဒေဝတာ။ အဘိက္ကန္တာယ ရတ္တိယာ။ အဘိက္ကန္တဝဏ္ဏာ။ ကေဝလကပ္ပံ။ ဇေတဝနံ။ ဩဘာသေတွာ။

ယေန ဘဂဝါ။ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ။ ဘဂဝန္တံ။ အဘိဝါဒေတွာ။ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ။ သာ ဒေဝတာ။ ဘဂဝန္တံ။ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ။ မင်္ဂလာနိ အစိန္တယုံ။ အာကင်္ခမာနာ။ သောတ္ထာနံ။ ဗြူဟိ မင်္ဂလမုတ္တမံ။

အသေဝနာ စ ဗာလာနံ။ ပဏ္ဍိတာနဉ္စ သေဝနာ။ ပူဇာ စ ပူဇနေယျာနံ။ ဧတံ မင်္ဂလမုတ္တမံ။

ပတိရူပဒေသဝါသော စ။ ပုဗ္ဗေ စ ကတပုညတာ။ အတ္တသမ္မာပဏိဓိ စ။ ဧတံ မင်္ဂလမုတ္တမံ။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ။ ဝိနယော စ သုသိက္ခိတော။ သုဘာသိတာ စ ယာ ဝါစာ။ ဧတံ မင်္ဂလမုတ္တမံ။

မာတာပိတု ဥပဋ္ဌာနံ။ ပုတ္တဒါရဿ သင်္ဂဟော။ အနာကုလာ စ ကမ္မန္တာ။ ဧတံ မင်္ဂလမုတ္တမံ။

ဒါနဉ္စ ဓမ္မစရိယာ စ။ ဉာတကာနဉ္စ သင်္ဂဟော။ အနဝဇ္ဇာနိ ကမ္မာနိ။ ဧတံ မင်္ဂလမုတ္တမံ။

အာရတီ ဝိရတီ ပါပါ။ မဇ္ဇပါနာ စ သံယမော။ အပ္ပမာဒေါ စ ဓမ္မေသု။ ဧတံ မင်္ဂလမုတ္တမံ။

ဂါရဝေါ စ နိဝါတော စ။ သန္တုဋ္ဌီ စ ကတညုတာ။ ကာလေန ဓမ္မဿဝနံ။ ဧတံ မင်္ဂလမုတ္တမံ။

ခန္တီစသောဝစဿတာ။ သမဏာနဉ္စ ဒဿနံ။ ကာလေန ဓမ္မသာကစ္ဆာ။ ဧတံမင်္ဂလမုတ္တမံ။

တပေါစ ဗြဟ္မစရိယဉ္စ။ အရိယသစ္စာန ဒဿနံ။ နိဗ္ဗာနသစ္ဆိကိရိယာစ။ ဧတံမင်္ဂလမုတ္တမံ။

ဖုဋ္ဌဿလောက ဓမ္မေဟိ။ စိတ္တံယဿ နကမ္ပတိ။ အသောကံဝိရဇံခေမံ။ ဧတံမင်္ဂလမုတ္တမံ။

ဧတာဒိသာနိ ကတွာန။ သဗ္ဗတ္ထမပရာဇိတာ။ သဗ္ဗတ္ထ သောတ္ထိံဂစ္ဆန္တိ။ တံတေသံမင်္ဂလမုတ္တမံ။

မဟာမင်္ဂလသုတ်ပါဠိတော်ပြီး၏။

---

မဟာမင်္ဂလသုတ်ပါဠိတော်၏အနက်။

တသ္မိံကာလေ ပ။ အရှင်မဟာကဿပ။ ထွဒ်သုတ္တံ။ ဤမဟာမင်္ဂလသုတ်တော်ကို။ မေမယာ အာနန္ဒာထေရေန။ ငါအာနန္ဒာမထေရ်သည်။ ဘဂဝတော။ မြတ်စွာဘုရား၏။ သမ္မုခါ။ မျက်မှောက်တော်မှ။ ဧဝံ။ ဤသို့။ သုတံ။ ကြားလိုက်ရ၏။ ဥပလက္ခိတံ။ မှတ်လိုက်ရ၏။ ဥပဓာရိတံ။ ဆောင်လိုက်ရ၏။ ဧကံ။ တပါးသော။ သမယံ။ အခါ၌။ ဘဂဝါ။ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ။ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ။ အနာထပိဏ်အမည်ရှိသောသူဌေး၏။ အာရာမေ။ နှလုံးမွေ့လျော်ဖျော်ဖွယ်ရှိသော။ ဇေတဝနေ။ ဇေတဝန် ကျောင်းတော်၌။ ဝိဟရတိ။ နေတော်မူ၏။ အထခေါ။ ထိုသို့နေတော်မူသောအခါ၌။ အညတရာ။ အမျိုးအမည်အား ဖြင့်မထင်ရှားသော။ ဒေဝတာ။ နတ်သားသည်။ အဘိက္ကန္တာယ။ ညဉ့်ဦးယံလွန်လေပြီးသော။ ရတ္တိယာ။ သန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ။ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ။ အလုံးစုံသော။ ဇေတဝနံ။ ဇေတဝန်ကျောင်းတော်ကို။ ဩဘာသေတွာ။ ကိုယ်ရောင် ကိုယ်ဝါဖြင့်ထွန်းလင်းစေဦး၍။

ယေန။ အကြောင်းအရပ်၌။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အစ္ဆိ။ ရှိတော်မူ၏။ တေန။ ထိုဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ။ ကပ်လေ၏။ ဥပသင်္ကမိတွာ။ ကပ်လေပြီး၍။ ဘဂဝန္တံ။ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ။ အလွန်ရိုသေစွာရှိခိုးပြီး၍။ ဧကမန္တံ။ တင့်အပ်လျောက်ပတ်သောအရပ်၌။ အဋ္ဌာသိ။ ရပ်လေ၏။ ဧကမန္တံ။ တင့်အပ်လျောက်ပတ်သောအရပ်၌။ ဌိတာ ခေါ။ ရပ်ပြီးသော။ သာဒေဝတာ။ ထိုနတ်သားသည်။ ဘဂဝန္တံ။ မြတ်စွာဘုရားကို။ ဂါထာယ။ ဗဟူဒေဝါစသောဂါထာဖြင့်။ အဇ္ဈဘာသိ။ ဤသို့နားတော်လျှောက်ပေ၏။

ဘဒ္ဒန္တဘဂဝါ။ ဘုန်းတော်ကြီးသောအရှင်ဘုရား။ သောတ္ထာနံ။ စင်ကြယ်စွာသော။ နိဗ္ဗာန်။ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ။ လိုချင်တောင့်တ ကုန်သည်ဖြစ်၍။ ဗဟူ။ များစွာကုန်သော။ ဒေဝါစ။ နတ်တို့သည်လည်းကောင်း။ မနုဿာစ။ လူတို့သည်လည်းကောင်း။ မင်္ဂလာနိ။ မင်္ဂလာတရားတော်တို့ကို။ အစိန္တယုံ။ ကြံကြကုန်၏။ စိန္တယန္တာပိ။ ကြံကြကုန်သော်လည်း။ နေဝဇာနိံသု။ မသိနိုင်ကုန်။ တေ။ ထိုနတ်လူတို့သည်။ နစိန္တယုံ။ မကြံနိုင်ကုန်။ ဥတ္တမံ။ မြတ်စွာထသော။ မင်္ဂလံ။ မင်္ဂလာတရား တော်ကို။ တွံ။ အရှင်ဘုရားသည်။ ဗြူဟိ။ ဟောတော်မူပါလော။

ဘော၊ ဒေဝပုတ္တ။ အိုနတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အသေဝနာစ။ အကြောင်းမမှီဝဲဆည်းကပ်ရခြင်း သည်လည်း ကောင်း။ ပဏ္ဍိတာနံ။ ပညာရှိသော သူတော်ကောင်း တို့ကို။ ယာသေဝနာစ။ အကြောင်းမှီဝဲဆည်း ကပ်ရခြင်း သည် လည်း ကောင်း။ ပူဇနေယျာနံ။ ပူဇော်ထိုက်သောသူတို့အား။ ယာပူဇာစ။ အကြောင်းပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ။ ရှိ၏။ ဧတံ။ တိဝိဓံ။ ဤသုံးပါးအပြားရှိသောတရားသည်လျှင်။ ဥတ္တမံ။ မြတ်စွာထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။ တွံ။ သင်နတ်သားသည်။ ဂဏှာဟိ။ မှတ်လေလော။

ဘောဒေဝပုတ္တ။ အိုနတ်သား။ ယော ပတိရူပဒေသဝါသော စ။ အကြင်တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ။ ရှေးသောကိုယ်၏အဖြစ်၌။ ယာ ကတပုညတာ စ။ အကြင်ပြုအပ်ခဲ့ပြီး သောကောင်းမှုရှိသောသူ၏အဖြစ်သည်လည်းကောင်း။ အတ္တသမ္မာ။ မိမိကိုယ်ကို။ ယော ပဏိဓိ စ။ အကြင်ကောင်းစွာဆောက်တည်ရခြင်း သည်လည်းကောင်း။ အတ္ထိ။ ရှိ၏။ ဧတံ။ တိဝိဓံ။ ဤသုံးပါးအပြား ရှိသောတရားသည်လျှင်။ ဥတ္တမံ။ မြတ်စွာ ထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။ တွံ။ သင်နတ်သားသည်။ ဂဏှာဟိ။ မှတ်လေလော့။

ဘောဒေဝပုတ္တ။ အိုနတ်သား။ ယံ ဗာဟုသစ္စံ။ အကြင်အကြားအမြင်များသောသူ၏ အဖြစ်သည် လည်းကောင်း။ ယံ သိပ္ပံ။ အကြင်အပြစ်မရှိသောအတတ်ကို တတ်ရခြင်းသည် လည်းကောင်း။ သုသိက္ခိတော။ ကောင်းစွာသင် အပ်ပြီးသော။ ယော ဝိနယော စ။ အကြင်ဝိ နည်းတရားတော်တို့ ကိုကျင့်ရခြင်းသည်လည်းကောင်း။ သုဘာသိတာ။ ကောင်းစွာဆိုအပ်ပြီးသော။ ယာ ဝါစာ စ။ အကြင်စကားကောင်း တို့ကိုဆိုလှယ်ရခြင်းသည်လည်းကောင်း။ အတ္ထိ။ ရှိ၏။ ဧတံ။ စတုဗ္ဗိဓံ။ ဤလေးပါးအပြားရှိသောတရားသည်လျှင်။ ဥတ္တမံ။ မြတ်စွာထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။ တွံ။ သင်နတ်သားသည်။ ဂဏှာဟိ။ မှတ်လေလော့။

ဘောဒေဝပုတ္တ။ အိုနတ်သား။ မာတာပိတု။ အမိအဘတို့ကို။ ယံ ဥပဋ္ဌာနံ။ အကြင်လုပ်ကျွေးမွေးရ ခြင်းသည် လည်းကောင်း။ ပုတ္တဒါရဿ။ သားမယားတို့အား။ ယော သင်္ဂဟော စ။ အကြင်သင်းပြုတ်ချီးမြှောက် ထောက်ပံ့ရ ခြင်းသည်လည်းကောင်း။ အနာကုလာ။ အနှောက် အရှက်မရှိကုန်သော။ ယာ ကမ္မန္တာ စ။ အကြင်အမှုတို့ကိုပြုရခြင်း သည်လည်းကောင်း။ အတ္ထိ။ ရှိ၏။ ဧတံ။ တိဝိဓံ။ ဤသုံးပါးအပြားရှိသော တရားသည်

လျှင်။ဥဿုံ။မြဲယာစွာထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။တွံ။သင်နတ်သားသည်။ဝဏှာဟိ။မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။ယံဒါနဉ္စ။ အကြင်အလှူပေးရခြင်းသည်လည်းကောင်း။ ယာဓမ္မစရိယာစ။ အကြင်မြတ်သောတရားတော်ကိုကျင့်ရခြင်းသည်လည်းကောင်း။ဉာတကာနံ။ အဆွေအမျိုးတို့အား။ ယောသင်္ဂဟောစ။ အကြင်ချီးမြှောက်ထောက်ပံ့ရခြင်းသည်လည်းကောင်း။အနဝဇ္ဇာနိ။ အပြစ်မရှိကုန်သော။ယာကမ္မာနိစ။ အကြင် အမှုတို့ကိုပြုရခြင်းသည်လည်းကောင်း။အဿ။ရှိ၏။ဧတံ။စတုက္ကံ။ ဤလေးပါးအပြားရှိသောတရားသည်လျှင်။ဥဿုံ။ မြတ်စွာထသော။ မင်္ဂလံ။မင်္ဂလာမည်၏ဟူ၍။တွံ။ သင်နတ်သားသည်။ ဝဏှာဟိ။ မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။ပါပါ။မကောင်းမှုမှ။ယာအာရတိစ။အကြင်ဝေးစွာကြဉ်ရခြင်းသည်လည်းကောင်း။ယာဝိရတိစ။အကြင်အထူး သဖြင့်ဝေးစွာ ကြဉ်ရ ခြင်း သည်လည်းကောင်း။ မဇ္ဇပါနာ။ သေရည်သေရက် ကိုသောက်ခြင်းမှ။ယောသံယမောစ။ အကြင်ကောင်းစွာစောင့် စည်းရခြင်းသည်လည်းကောင်း။ ဓမ္မေသု။ ကုသိုလ်ဆယ်ပါးတရားတို့၌။အပ္ပမာဒေါစ။မမေ့မလျော့ရခြင်း သည်လည်းကောင်း။အဿ။ရှိ၏။ဧတံ။စတုက္ကံ။ ဤလေးပါးအပြားရှိ သောတရားသည်လျှင်။ဥဿုံ။မြတ်စွာထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။တွံ။သင်နတ်သားသည်။ဝဏှာဟိ။မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။ယောဂါရဝေါစ။အကြင်ဘုရားတရား။သံဃာ။အမိအဘ။ဆွေကြီးမျိုးကြီး။ ဂုဏ်ကျေးဇူးဖြင့်မြတ်သောဆရာသမားတို့၌။ ရိုသေကျိုးနွံကောင်း မွန်စွာပြုရခြင်းသည်လည်းကောင်း။ ယောနိဝါတောစ။အကြင်မိမိကိုယ်ကိုနှိမ့်ချရခြင်း သည်လည်းကောင်း။ ယာသန္တုဋ္ဌိစ။အကြင်ပစ္စည်းလေးပါးတို့၌။ရောင့်ရဲလွယ်ရခြင်းသည်လည်း

ကောင်း။ယာတကတညူတာဝ။အကြင်သူ့ကျေးဇူးကိုသိရခြင်းသည်သည်းကောင်း။ထူသေန။အခါအခါ၌။ ယံမမ္မသဝနည္။ အကြင်တရားတော်မြတ်ကိုနာ ရခြင်းသည် လည်းကောင်း။ အတ္ထိ။ရှိ၏။ဧတံ။ပဉ္စဝိဓံ။ဤငါးပါး အပြားရှိသောတရားသည်လျှင်။ဥတ္တမံ။မြတ်စွာထသော။ မင်္ဂလံ။ မင်္ဂလာ မည်၏ဟူ၍။ တွဲ၊သင်နယသိသားသည်။ ဂဏှာဟိ။မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။ယာခန္တီဝ။ အကြင်သည်းခံရခြင်းသည်လည်းကောင်း။ယာသောဝစ္စသတာဝ။ အကြင်သူတော်ကောင်းတို့၏ စကားကိုဆိုလွယ်ရခြင်းသည်လည်းကောင်း သမဏာနံ။ရဟန်းပုဏ္ဏားတို့အား။ ယံဒဿနည္။ အကြင်ဘူးမြင်ရခြင်းသည်လည်းကောင်း။ ထာလေန။အခါအခါ၌။ယာဓမ္မသာကစ္ဆာဝ။အကြင်တရား စကားကောင်းတို့ကိုဆွေးနွေးမေးမြန်းရခြင်းသည်လည်းကောင်း။အတ္ထိ။ ရှိ၏။ ဧတံ။စတုဗ္ဗိဓံ။ ဤလေးပါးအပြား ရှိသောတရား သည်လျှင်။ဥတ္တမံ။မြတ်စွာထသော။မင်္ဂလံ။မင်္ဂလာမည်၏ဟူ၍။တွဲ။သင်နက်သားသည်။ဂဏှာဟိ။မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။ ယောတပေါဝ။ အကြင်မျိုးမြီစွာကျင့်ရခြင်းသည်သည်းကောင်း။ ယံဗြဟ္မစရိယည္။ အကြင်မြတ်သောအကျင့်ကိုကျင့်ရခြင်းသည်သည်းကောင်း။ အရိယသစ္စာနံ၊ အရိယာသူတော်ကောင်းတို့ကို၊ ယံဒဿနည္။အကြင်ဘူးမြင်ရခြင်းသည်လည်းကောင်း။နိဗ္ဗာနံ။နိဗ္ဗာန်ချမ်းသာကို။ ယာသစ္ဆိကိရိယာဝ။ အကြင်မျက်မှောက်ပြုရခြင်းသည်လည်းကောင်း။အတ္ထိ။ရှိ၏။ဧတံ။ စတုဗ္ဗိဓံ။ဤလေးပါးအပြားရှိသောတရားသည်လျှင်။ဥတ္တမံ။မြတ်စွာထသော၊ မင်္ဂလံ။မင်္ဂလာမည်၏ဟူ၍၊ တွံ။သင်နတ်သားသည်။ ဂဏှာဟိ။မှတ်လေလော။

ဘောဒေဝပုတ္တ။အိုနတ်သား။လောကဓမ္မေဟိ။ လောကဓံတရားရှစ်ပါးတို့နှင့်။ဖုဋ္ဌဿ။ တွေ့ထိအပ်သော။ယဿ။ အကြင်

ရဟန္တာ ပုဂ္ဂိုလ်၏။ စိတ္တံ။ စိတ် သည်။ နကမ္ပတိ။ မတုန် မ
လှုပ်။ အသောကံ။ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ။ ရမ္မက်ဟူသော
မြူလည်းမရှိ။ ခေမံ။ ဘေးလည်းမရှိ။ အဖြူ။ ရှိ၏။ ဧတံ။ စတုဗ္ဗိ
ဓံ။ ဤလေးပါးအပြားရှိသောတရားသည်လျှင်။ ဥတ္တမံ။ မြတ်
စွာထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။ တွံ။ သင်နတ်သား
သည်။ ဂဏှာဟိ။ မှတ်လေလော။

ဘောဒေဝပုတ္တ။ အိုနတ်သား။ ဧတာဒိသာနိ။ ဤသို့သဘော
ရှိကုန်သော။ အဋ္ဌတိံသမင်္ဂလာနိ။ သုံးဆယ့်ရှစ်ပါးအပြားရှိ
သောမင်္ဂလာတရားတော်တို့ကို။ ကတွာန။ ပြုရသောကြောင့်။
သဗ္ဗတ္ထ။ ခပ်သိမ်းကုန်သောဣရိယာပုဒ်တို့၌။ အပရာဇိတာ။
ရန်သူတို့သည်မအောင်နိုင်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ။ ခပ်သိမ်း
ကုန်သောဣရိယာပုဒ်တို့၌။ သောတ္ထိံ။ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ။
ရောက်ကုန်၏။ တံ။ ထိုသုံးဆယ့်ရှစ်ပါးအပြားရှိသောမင်္ဂလာ
တရားသည်လျှင်။ တေသံ။ ထိုနတ်လူတို့အား။ ဥတ္တမံ။ မြတ်စွာ
ထသော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍။ တွံ။ သင်နတ်သားသည်။
ဂဏှာဟိ။ မှတ်လေလော။

မင်္ဂလာတရားတော်အနက်ပြီး၏။

---

မဟာမင်္ဂလာခွဲ။ အမေးအဖြေ။

မေး။ ယခုအဘယ်စာကိုသင်သနည်း။

ဖြေ။ မဟာမင်္ဂလာသုတ်ကိုသင်ပါသည်ဘုရား။

မေး။ မဟာမင်္ဂလသုတ်အပြားအဘယ်မျှရှိသနည်း။

ဖြေ။ သုံးဆယ့်ရှစ်ပါးအပြားရှိပါသည်ဘုရား။

မေး။ အဘယ်ပါဠိကိုထောက်၍သိရသနည်း။

ဖြေ။ ဒေသနာပရိယောသာန။ နိဂုံးအဆုံးဖြစ်သော။ ဧတာဒိသာနိအဋ္ဌတိံသမင်္ဂလာနိ။ ဟူသောပါဠိတော်ကိုထောက်၍။ သိရပါသည်ဘုရား။

မေး။ အဘယ်မျှသောဂါထာဖြင့် ဟောတော်မူသနည်း။

ဖြေ။ ဆယ်ဂါထာဖြင့်ဟောတော်မူပါသည်ဘုရား။

မေး။ ဟောတော်မူသောဂါထာကား။ အဘယ်ဂါထာနည်း။

ဖြေ။ အသေဝနာစလည်းတဂါထာ၊ ပတိရူပလည်းတဂါထာ။ ဗာဟုသစ္စလည်းတဂါထာ။ မာတာပိတုလည်းတဂါထာ။ဒါနဉ္စလည်းတဂါထာ။အာရတီလည်းတဂါထာ။ဂါရဝေါလည်းတဂါထာ။ခန္တီစလည်းတဂါထာ။ တပေါစလည်းတဂါထာ။ဖုဋ္ဌဿလည်းတဂါထာ။ ဤဆယ်ဂါထာဖြင့်ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်အရပ်မှာဟောသနည်း။

ဖြေ။ သာဝတ္ထိပြည်တွင်ဟောတော်မူပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း ဆိုသနည်းဟုလည်းမေး။

ဖြေ။ သဗ္ဗအတ္ထိ။ ဟူသောပါဠိရှိသောကြောင့်။ခပ်သိမ်းသောလောက စည်းစိမ် ချမ်းသာရတနာ အပေါင်းတို့ သည်လိုရာမဏ ပြည့်စုံသောကြောင့်။ သာဝတ္ထိပြည်ဟုခေါ် တွင်ပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်တွင်။ အဘယ်အရပ်မှာဟောတော် မူသနည်း။

ဖြေ။ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည် ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်ဟု၊အဘယ်ကြောင့်ခေါ် သနည်း။

ဖြေ။ ဇေတမင်းသား၏ ဥယျာဉ်မြေတို့။ ရွှေဒရပ်အတိ ခင်းပြီးလျှင်။ မြေတိုးပေး၍ဆောက်သောကြောင့်။ဇေတဝန် ကျောင်းတော်ဟုဆိုပါသည်ဘုရား။

မေး။ အဘယ်သူဆောက်သနည်း။

ဖြေ။ အနာထပိဏ်သူဌေးဆောက်ပါသည်ဘုရား။

မေး။ အနာထပိဏ်သူဌေးဟု၊ အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ။ အနာထာနံ ပိဏ္ဍပါတံ၊ ဒဒါတီတိ၊ အနာထပိဏ္ဍိကော၊ ဟူသောပါဠိတော်နှင့်အညီ၊ ထိုးကွယ်ရာမရှိသောသူတို့ကို၊ထမင်းရေစာပေးတတ်သောကြောင့်၊ အနာထပိဏ်သူဌေးဟုခေါ်တွင်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည်၊သာဝတ္ထိပြည်နှင့် နီးသလော၊ဝေးသလော၊ အရှေ့အနောက်၊ တောင်မြောက်မ သော၊အဘယ်အရပ်မှာနည်း။

ဖြေ။ ဘဂဝါသာဝတ္ထိယံ၊သာဝတ္ထိနဂရဿ၊အဝိဒူရေ၊ မနုပဿတံမဂ္ဂိ၊ဒက္ခိဏပဿေ၊ ဟူသောပါဠိတော်ရှိသော ကြောင့်၊သာဝတ္ထိပြည်၏တောင်အရပ်ဖြစ်သော၊ကုလဝေး တာအဖြန့်ငါးရာအရပ်တွင်ဖြစ်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည်၊လေးထောင့်လော ဝမ္ဘာယ်ရှည်လော၊ဦးပြည်းလော။

ဖြေ။ တိဘုမ္မ ဇောသု၊ ဂန္ဓကုဋိသု၊ ဟူ၍ပါဠိတော်ရှိ သောကြောင့်၊ စုလစ်မွှမ်းချွန်တို့ဖြင့်၊ တင့်တယ်ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော၊ထုံးသုံးဆင့်ရှိသော၊ဇေတဝန်ကျောင်း တော်ဖြစ်ပါသည်ဘုရား။

မေး။ အဘယ်သူတောင်းပန်၍ဟောတော်မူသနည်း။

ဖြေ။ အမျိုးအမည်မထင်ရှားသော နတ်သားတောင်း ပန်၍ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်ကြောင့်မထင်မရှားသော နတ်သားဟု ဆိုသနည်း။

ဖြေ။ အထခေါ အညတြာဒေဝတာ၊ ဟူသောပါဠိတော် ကိုထောက်၍ဆိုပါသည်ဘုရား။

မေး။ ဝေထင်မရှားသောနက္ခတ်သား အဘယ်သူ ဖြစ်သနည်း။

ဖြေ။ ဗုဒ္ဓသက္ကသိကြားဟုဆိုပါသည်ဘုရား။

မေး။ အဘယ်အခါတောင်းပန်သနည်း။

ဖြေ။ ဆန်းခေါင်အခါတောင်းပန်ပါသည်ဘုရား။

မေး။ အဘယ်ကြောင့်သိရသနည်း။

ဖြေ။ အဘိဓမ္မာ ဋ္ဌာယရတ္တိယာဟူသောပါဠိကိုထောက်၍ သိရပါသည်ဘုရား။

မေး။ ပသင် မရှား သော နက္ခတ်သား တို့၊ အဘယ်အကြောင်းကြောင့်သိကြားဟုဆိုသနည်း။

ဖြေ။ ဘုရားသခင်၏ဖြေရင်းတော်၌၊ ညဦးယံထား၁ ထူမထောရာဂ်နက်တို့သည်၊ဆည်းကပ်ဖူးမျှော်ပူဇော်မြဲအချိန်အခါဖြစ်သည်၊ဆန်းခေါင်းယံအခါ၌၊ ဟ၁ဝတ်နှသာနက်သိကြားတို့ ဆည်းကပ် ဖူးမျှော်မြဲ အချိန်အခါဖြစ်သည်၊ မိုးသောက်ယံကား၊ ဗြဟ္မာတို့ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါဖြစ်သည်၊ ထိုအချိန်ကာသသုံးပါးတွင်၊ ဆန်းခေါင်ယံအချိန်ဖြစ်သောကြောင့်၊သိကြားဟုဆိုပါသည်ဘုရား။

မေး။ သိကြား တောင်းပန် ကြောင်း တို့၊ အဘယ်သူ ကြားသနည်း။

ဖြေ။ အရှင်အာနန္ဒာကြားပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာကြား ကြောင်းကိုအဘယ်ကြောင့် သိရသနည်း။

ဖြေ။ အာနန္ဒာထေရနေသုတ် စသောပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာကြားသော်၊အဘယ်သူတို့ပြောသနည်း။

ဖြေ။ အရှင်ဝင်္ဂ တသာဝ ဓမ္မထေရ်တို့ ပြောပါသည်

မေး။ အရှင်မဟာကဿပဟုအဘယ်ကြောင့်ခေါ်သနည်း။

ဖြေ။ ကဿပ။ ကမ္မာဒိသု။ သံဝဏ္ဏံ။ ပဒိုသဘိတ္တာနံ။ မဇ္ဈိမဒေသတိ။ ကဿပပါဠိတော်ဟူသော ဗိဇ္ဇိတ်ပါဠိတော်နှင့်အညီ။ လယ်လုပ်ခြင်းအစရှိသောအမှုတို့၌။ ထိတ်လန့်ခြင်းတရားကို ရ၍။ ရဟန်းပြုသောကြောင့်။ ကဿပဟုခေါ်ပါသည်ဘုရား။

မေး။ ငယ်မည်ကိုအဘယ်သို့ဆိုသနည်း။

ဖြေ။ ရွှေအဆင်းကဲ့သို့ ကိုယ်သားကိုယ်ရေတို့၏ တောင့်တယ်ခြင်းရှိသောကြောင့်။ ပိပ္ပလိလုလင်ဟုဆိုပါသည်ဘုရား။

မေး။ မင်္ဂလာသုံးဆယ့်ရှစ်ပါးဆိုသော်။ အဘယ်သည်တို့နည်း။

ဖြေ။ အသေဝနာစ ဧတံမင်္ဂလမုတ္တမံ ဟူသော ပဌမဒေသနာတော်၌။ မင်္ဂလာသုံးပါး။ ပဋိရူပ ဧတံမင်္ဂလမုတ္တမံ ဟူသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဗာဟုသစ္စဉ္စ ဧတံမင်္ဂလမုတ္တမံဟူသောတတိယဒေသနာတော်၌မင်္ဂလာလေးပါး။ မာတာပိတု ဧတံမင်္ဂလမုတ္တမံဟူသော စတုတ္ထဒေသနာတော်၌မင်္ဂလာသုံးပါး။ ဒါနဉ္စ ဧတံမင်္ဂလမုတ္တမံဟူသော ပဉ္စမဒေသနာတော်၌မင်္ဂလာလေးပါး။ အာရတိ ဧတံမင်္ဂလမုတ္တမံဟူသော ဆဋ္ဌမဒေသနာတော်၌မင်္ဂလာလေးပါး။ ဂါရဝေါစ ဧတံမင်္ဂလမုတ္တမံဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး။ ခန္တီစ ဧတံမင်္ဂလမုတ္တမံဟူသော အဋ္ဌမဒေသနာတော်၌မင်္ဂလာလေးပါး။ တပေါစ ဧတံမင်္ဂလမုတ္တမံဟူသော နဝမဒေသနာတော်၌မင်္ဂလာလေးပါး။ ဖုဋ္ဌဿ ဧတံမင်္ဂလမုတ္တမံ ဟူသော ဒသမဒေသနာတော်၌မင်္ဂလာလေးပါး။ ဤဆိုအားဖြင့် မင်္ဂလာသုံးဆယ့်ရှစ်ပါးရှိပါသည်ဘုရား။

မေး။ အသေဝနာစ။ အစရှိသောပဌမဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော်။ အဘယ်သည်တို့နည်း။

ဖြေ။ သူမိုက်တို့ကိုမမှီဝဲ ဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ပညာရှိသောသူတို့ကိုမှီဝဲ ဆည်းကပ် နှိုးနွှံ့ရခြင်းသည်လည်းမင်္ဂလာတပါး၊ ဘုရားအစရှိသောရတနာသုံးပါးတို့အား၊ အရိုအသေအလေး အမြတ်ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် အသေဝနာစအစရှိသော ပဌမ ဒေသနာတော်၌မင်္ဂလာသုံးပါးအပြားရှိပါသည်ဘုရား။

မေး။ အသေဝနာစ။ အစရှိသောပဌမ ဒေသနာတော်၌ မင်္ဂလာသုံး ပါးတို့သိရပြီ။ ပဋိရူပဒေသ ဝါသောစ။ အစရှိ သောဒုတိယဒေသနာတော်၌မင်္ဂလာသုံးပါးဆိုသော်၊ အဘယ် သည်တို့နည်း။

ဖြေ။ တင့်အပ် လျောက်ပတ် သောအရပ်၌ နေရခြင်း သည်လည်းမင်္ဂလာတပါး။ ရှေးကပြုခဲ့ဘူးသောကောင်းမှုရှိ ခြင်းသည်လည်းမင်္ဂလာတပါး။ မိမိကိုယ်ကိုကောင်းစွာထိန်း သိမ်းစောင့်ရှောက်ခြင်းသည်လည်းမင်္ဂလာတပါး။ ဤသို့အား ဖြင့် ပဋိရူပဒေသဝါသောစ။ အစရှိသောဒုတိယ ဒေသနာ တော်၌မင်္ဂလာသုံးပါးရှိပါသည်ဘုရား။

မေး။ ပဋိရူပဒေသဝါသောစ။ အစရှိသော ဒုတိယဒေ သနာတော်၌မင်္ဂလာသုံးပါးကိုသိရပြီ။ ဗာဟုသစ္စဉ္စ။ တတိယ ဒေသနာတော်၌မင်္ဂလာလေးပါးဆိုသော်။ အဘယ်သည် တို့ နည်း။

ဖြေ။ ကျမ်းဂန်တရား အကြားအမြင်များရခြင်းသည် လည်းမင်္ဂလာတပါး။ အပြစ်ခပ်သိမ်း ကင်းသော နှုတ် မှုအ တတ်။ လက်မှုအတတ်တို့ကိုတတ်ရခြင်းသည်လည်းမင်္ဂလာ တပါး။ ကောင်းစွာသိအပ်သောဝိနည်းတရားတို့ကိုသင်ကြား ရခြင်းသည် လည်းမင်္ဂလာတပါး။ အင်္ဂါလေးပါးနှင့် ပြည့်စုံ သောစကားကိုပြောဆိုရခြင်းသည်လည်းမင်္ဂလာတပါး။ ဤ သို့အားဖြင့်ဗာဟုသစ္စဉ္စ။ အစရှိသောတ တိယဒေသနာ တော် ၌မင်္ဂလာလေးပါးရှိပါသည်ဘုရား။

မေး။ ဗာဟုသစ္စ။ အစရှိသော တတိယဒေသနာတော်၌ မင်္ဂလာတရားလေးပါးကိုသိရပြီ။ မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော်။ အဘယ်သည်တို့နည်း။

ဖြေ။ အမိအဖတို့ကိုလုပ်ကျွေးမွေးရခြင်းသည်လည်း မင်္ဂလာတပါး။ သားမယားတို့အားသင်းကြွတ် ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။ အနှောင့်အယှက်မရှိသော လယ်လုပ်ခြင်းကုန်သွယ်ခြင်းအမှုတို့ကိုပြုရခြင်းသည် လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့်မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌မင်္ဂလာတရားသုံးပါးဖြစ်ပါသည်ဘုရား။

မေး။ မာတာပိတုဖြစ်သောစတုတ္ထဒေသနာတော်၌မင်္ဂလာသုံးပါးကိုသိရပြီ။ ဒါနဉ္စအစရှိသောပဉ္စမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဆိုသော်။ အဘယ်သည်တို့နည်း။

ဖြေ။ အလှူပေးရခြင်းသည်လည်းမင်္ဂလာတပါး။ တရားကိုသိရခြင်းသည်လည်းမင်္ဂလာတပါး။ အဆွေအမျိုးတို့အား ထောက်ပံ့ရခြင်းသည်လည်းမင်္ဂလာတပါး။ အပြစ်မရှိသော အကြောင်းအမှုတို့ကိုပြုရခြင်းသည်လည်းမင်္ဂလာတပါး။ ဤသို့ အားဖြင့်ဒါနဉ္စဖြစ်သောပဉ္စမဒေသနာတော်၌မင်္ဂလာ လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ ဒါနဉ္စဖြစ်သော ပဉ္စမဒေသနာတော်၌ မင်္ဂလာ လေးပါးကိုသိရပြီ။ အာရတီဖြစ်သောဆဋ္ဌမ ဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော်။ အဘယ်သည်တို့နည်း။

ဖြေ။ မကောင်းမှုကိုမပြုမူ၍ဝေးစွာကြဉ်ရခြင်းသည် လည်းမင်္ဂလာတပါး။ ကိုယ်၏အသက်ကိုငဲ့ကွက်ခြင်း ကင်း သောစိတ်ဖြင့်။ ငါသည်မကောင်းမှုကိုမပြုပြီ။ ငါ၏အသက် သေသော်လည်းသေပါစေ၊ သူ၏အသက်ကိုမသတ်မူ၍၊ သူ့ ဥစ္စာကိုခိုးယူခြင်းအစရှိသောအမှုကိုမပြုပြီဟု၊ အထူးသဖြင့် ကြဉ်ရခြင်းသည်လည်းမင်္ဂလာတပါး။

မေး။ သုရာငါးပါးဆိုသည်အဘယ်နည်း။

ဖြေ။ ပိဋ္ဌသုရာ၊မုန့်ညက်ဖြင့်ပြုသောသေ၊ပူဝသုရာ၊မုန့်ဖြင့်ပြုသောသေ၊ဩဒနသုရာ၊ထမင်းဖြင့်ပြုသောသေ၊ကိဏ္ဏပက္ခိတ္တသုရာ၊တဆေးထည့်၍ပြုသောသေ၊သမ္ဘာရသံယုတ္တံ မျိုးစုံသော အဆောက်အဦတို့ ဖြင့်ပြုသောသေ၊ ဤသည် ထားသေငါးပါးဖြစ်ပါသည်ဘုရား။

မေး။ မေရယငါးပါးကားအဘယ်နည်း။

ဖြေ။ ပုပ္ဖာသဝ၊အပွင့်အရည်တို့ဖြင့်ပြုသော အရက်၊ ဖလာသဝ၊သစ်မည်စည်သီးအစရှိသည်တို့ဖြင့်ပြုသောအရက်၊မဓွါသဝ၊ မုဒ်ရက်သီးအစရှိသည်တို့ဖြင့် ပြုသောအရက်၊ဂုဠာသဝ၊ကြံရည်တို့ဖြင့်ပြုသောအရက်၊သမ္ဘာရသံယုတ္တံ၊မျိုးစုံသောအဆောက်အဦတို့ဖြင့်ပြုသောအရက်၊ ဤသည်ထား မေရယငါးပါးဖြစ်ပါ သည်ဘုရား၊ ဆိုအပ်ခဲ့ပြီးသောရစ်မျိုးငါးပါးတို့သောက်စားခြင်းမှစောင့် စည်းရခြင်း သည်သည်းမင်္ဂလာတပါး၊ဒါနသီလ၊ ဘာဝနာ၊ ပစာယန၊ ဝေယျာဝစ္စ၊ပတ္တိဒါန၊ပတ္တာနုမောဒန၊ဓမ္မဿဝန၊ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မတည်းဟူသောကုသိုလ်တရားဆယ်ပါးတို့၌မမေ့မလျော့ရခြင်းသည်သည်းမင်္ဂလာတပါး၊ဤသို့အားဖြင့် အာရတိဖြစ်သောဆဌမဒေသနာတော်၌မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မေး။ အာရတိအစရှိသောဆဌမဒေသနာတော်၌ မင်္ဂလာတရားလေးပါးတို့သိရပြီ၊ဂါရဝေါစဖြစ်သော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါးဟူသော်ကား၊ အဘယ်သည်တို့နည်း။

ဖြေ။ ဓာတိဂုဏ်ရှိသောသူတို့အား၊အရိုအသေအလေးအမြတ်ပြုရခြင်းသည်သည်း မင်္ဂလာတပါး၊ မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်သည်းမင်္ဂလာတပါး၊ရရာသမျှသောပစ္စည်းအသုံးအဆောင်တို့ကိုရောင့်ရဲ လွယ်ရခြင်းသည်သည်းမင်္ဂလာ

တပါး။ သူတပါး၏ကျေးဇူးကိုသိရခြင်းသည်လည်း မင်္ဂလာတပါး။ အခါခပ်သိမ်းသောတရားတော်ကိုနာရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် သတ္တမဒေသနာတော်၌မင်္ဂလာတရားငါးပါးဖြစ်ပါသည်ဘုရား။

မေး။ သတ္တမဒေသနာတော်၌ဖြစ်သောဂါရဝေါစ၌မင်္ဂလာတရားငါးပါးကိုသိရပြီ။ ခန္တီစဖြစ်သောအဋ္ဌမ ဒေသနာတော်၌မင်္ဂလာတရားလေးပါးဟူသော်ကား။ အဘယ်နည်း။

ဖြေ။ ကိုယ်ထက်ယုတ်သော သူတို့ကိုသည်းခံ ရခြင်းသည်လည်းမင်္ဂလာတပါး။ ဝကားဆောင်းတို့ကိုဆိုလွယ်သောသူတို့၏ အဖြစ်သည်လည်းမင်္ဂလာတပါး။ ရဟန်းပုဏ္ဏားတို့အားဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတပါး။ အခါခပ်သိမ်းသောတရားစကားကို နှီးနှောပြောဆိုဆွေးနွေးမေးမြန်းခြင်းသည်လည်းမင်္ဂလာတပါး။ ဤသို့အားဖြင့်အဋ္ဌမဒေသနာတော်၌ဖြစ်သောခန္တီစ၌မင်္ဂလာလေးပါးဖြစ်ပါသည်ဘုရား။

မေး။ အဋ္ဌမဒေသနာတော်ဖြစ်သောခန္တီစ၌မင်္ဂလာတရားလေးပါးကိုသိရပြီ။ တပေါစဖြစ်သောနဝမ ဒေသနာတော်၌မင်္ဂလာတရားလေးပါးဟူသည်ကားအဘယ်သည်တို့နည်း။

ဖြေ။ မြိုးမြီစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး။ မြတ်သောမေတ္တာ။ ကရုဏာ။ မုဒိတာ။ ဥပေက္ခာတည်းဟူသောဗြဟ္မစရိယတရားကိုကျင့်ရခြင်းသည်လည်းမင်္ဂလာတပါး။ အရိယာသူတော်ကောင်းတို့ကိုဖူးမြင် ရခြင်းသည်လည်း မင်္ဂလာတပါး။ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုမျက်မှောက်ပြု ရခြင်းသည်လည်းမင်္ဂလာတပါး။ ဤသို့အားဖြင့် တပေါစဖြစ်သောနဝမဒေသနာတော်၌မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

မေး။ နဝမဒေသနာတော်၌ ဖြစ်သော တပေါစမင်္ဂလာတရားလေးပါးကိုသိရပြီ။ ဖုဋ္ဌဿဖြစ်သော ဒသမဒေ သနာတော်၌မင်္ဂလာတရားလေးပါးဟူသော်ကားအဘယ်နည်း။

ဖြေ။ လာဘောအလာဘော၊ ယသောအယသော၊ နိန္ဒာပ သံသာ၊ သုခံဒုက္ခံ တည်းဟူသော လောကဓံတရားရှစ်ပါးတို့မှ တွေ့သောရဟန္တာပုဂ္ဂိုလ်၏စိတ်သည်၊ တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး။ ထိုလောကဓံတရားရှစ်ပါး တို့ကိုတွေ့သောအခါ၊ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတ ပါး။ ကိလေသာ ကပ်ဟူသော အညစ် အကြေးမတင်၊ သန့် ရှင်းစင်သောအဖြစ်သည်လည်းမင်္ဂလာတပါး။ ကြောက်မက် ခြင်းကင်းသောအဖြစ်သည်လည်းမင်္ဂလာတပါး။ ဤသို့အား ဖြင့် မင်္ဂလသုတ်ဒေသနာတော်၌မင်္ဂလာတရား၃၈ပါးဖြစ် ပါသည် ဘုရား။

မေး။ မင်္ဂလာတရားတော်ကိုရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပမထေရ်အား ပြောဆိုသနည်း။ အဘယ်အ ရပ်မှာနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည်မှာပြောပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်ဟုအဘယ်ကြောင့်ခေါ်ပါသနည်း။

ဖြေ။ စကြာဝတေးအစရှိသော ဘုန်းကြီးသောမင်းတို့ သည်။ သိမ်းယူရာဖြစ်သောကြောင့်ရာဇဂြိုဟ်ဟုခေါ်တွင်ပါ သည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်မြို့တွင်းမှာလော မြို့ပြင် မှာလော။ အရှေ့အနောက်တောင်မြောက်ဝသောအဘယ်အရပ်မှာပြော သနည်း။

ဖြေ။ ရာဇဂြိုဟ်မြို့ပြင် မြောက်ဘက်အရပ်။ ဝေဘာရ တောင် ခြေ၊ စရည်းပင်ရောက် သောကျောက်ဂူလိုဏ်ဝ၌။ နတ် ဆိုင်၏ဘုံဆောင်ဗိမာန်နှင့်တူသော။ ရတနာ၇မျိုးတို့ဖြင့်တန်ဆာ ဆင်အပ်သော၊ ချောမွေ့ပြေပြစ်ဆန်းကြယ်လှစွာသော ရတ နာသုဘင်မတ္တူပ်၌။ ဆူနှိမ်သည်အသာရထက်။ မုန်ညာမယာအစရှိ သောရတနာမျိုးတို့ဖြင့်စီမံအပ်သော၊ တွေ့တွေ့ဖီးဖီးမွေချောင်း စီးသကဲ့သို့။ ချည်းပြီးတောက်ပသောပလ္လင်ထက်၌။ အတိုးအ

တိုင်းမသိထိုက်သောခင်းနှီးနေရာပေါ်တွင်။ ဆင်စွယ်စီသော ယပ်ကိုကိုင်၍။ အရှေ့ရူးရူးသို့မျက်နှာပြုလျက် နေတော်မူပြီးလျှင်။ ပဌမသင်္ဂါယနာကို အမှူးပြု၍ဆောင် ရွက်တော်မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင်။ အရှင် အာနန္ဒာဖြေလျှောက်ပါသည်ဘုရား။ နတ်သားတောင်းပန်၍ မေးတော်မူသောအခါ၊ ကုဋေရှစ်သန်းမျှသော ကောင်းကုန်သော နတ်သားတို့သည်။ ရဟန္တာဖြစ်၏ဆိုပါသည်။ သောတာပန်။ သကဒါဂါမ်။ အနာဂါမ်ဖြစ်သူ အနန္တဆိုပါသည်ဘုရား။

မဟာမင်္ဂလာခွဲ ဤတွင်၍ပြီး၏။

———o———

## မဟာမင်္ဂလာသုတ်၌အဓိပ္ပာယ်ကို။ အထူးမှတ်ရန်အနည်းငယ်မျှထည့်သွင်းလိုက်ပါဦးအံ့။

ဧကမန္တံ အဋ္ဌာသိ။ ဟူသောပါဌ်၏အဓိပ္ပါယ်ကား။ နီးလွန်းသောအရပ်။ ဝေးလွန်းသောအရပ်။ လေညာဖြစ်သောအရပ်။ မြင့်သောအရပ်။ ရှေ့တူရူဖြစ် သောအရပ်။ နောက်တူရူ ဖြစ်သောအရပ်။ ငင်းခြေကပ်ပါးမှလွတ်သောအရပ်ဆိုလိုသည်။

ပတိရူပဒေသဝါသော စ ဟူသောပါဌ်၏အဓိပ္ပါယ်ကား။ ရတနာသုံးပါး ထင်ရှားရှိ သောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္တသမ္မာပဏိဓိ စ ဟူ သောပါဌ်၏ အဓိပ္ပါယ်ကား။ ဒုစရိုက်၁၀ပါးမှရှောင်ကြဉ်ရမည်ဆိုလိုသည်။

သုဘာသိတာ စ ယာ ဝါစာ။ ဟူသောပါဌ်၏အဓိပ္ပါယ်ကား၊ ပိသုဏဝါစာ မှကြဉ်၍ဆို သောသုဘာသိတ ဝစကား။ ဖရုသဝါစာမှကြဉ်၍ဆိုသော။ ပိယဝစကား။ သမ္ဖပ္ပလာပမှကြဉ်၍ဆိုသောဓမ္မဝစကား။ မုသာဝါဒမှကြဉ်၍ဆိုသော သစ္စာဝစကား။ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝစကားကိုဆိုလိုသည်။

ပုဗ္ဗဒါရသသင်္ဂဟောဟူသောပါဠိ၏အဓိပ္ပါယ်ကား။သရဏဂုံးသာဂက်ဘည်၍။ ပဉ္စသီလကိုထိန်း စောင့်၍။ ကုသိုလ်ကောင်းမှု ကိုပြု၍ တရားတော်နှင့်အညီ။ သားမယားမွေး ရမည်ဆိုလိုသည်။

ဒါနဉ္စဓမ္မစရိယာဟူသောပါဠိ၏အဓိပ္ပါယ်ကား။ ဆွမ်းအချော်။ကျောင်း၊သင်္ကန်း။ယည်။ပန်း။နံ့သာ၊ပြောင်း။နံ့သာ။ဒိပ်ရာ။နေရာ။ဆီမီး။၄င်းဒါနဝတ္ထုဆယ်ပါး။သူနာတို့၏ အထောက်အပံ့ဖြစ်သောဆေး။၍ ၁၀ပါးကိုဒါနဉ္စပုဒ်၌သွင်းအပ်၏။ ။ငါးပါးသီလ။ဆယ်ပါးသီလ၊ဝတ္တပါရိသုဒ္ဓိသီလတို့ကို။ ဓမ္မစရိယာပုဒ်၌သွင်းအပ်၏။ ။အဋ္ဌင်္ဂသီလကို။အနဝဇ္ဇာနိကမ္မာနိဟူသောပုဒ်၌သွင်းအပ်၏။

အာရတီဝိရတီပါဠိ၏အဓိပ္ပါယ်ကား။ စိတ်နှလုံးဖြင့်ကြဉ်ခြင်းသည်။အာရတီမည်၏။ ။ကိုယ်နှုတ်၂ပါးဖြင့်ကြဉ်ခြင်းသည်။ဝိရတီမည်၏။ ။မဇ္ဇပါနာပါဠိ၏ အဓိပ္ပါယ်ကား။သူရာငါး။ မေရိယငါးပါးကိုကြဉ် ရှောင်ရမည်ဆိုလိုသည်။

သန္တုဋ္ဌီစပါဠိ၏အဓိပ္ပါယ်ကား။ကိလေသာတို့ကိုခေါင်းပါးစေခြင်းငှာ။လောဘအာရုံသို့မလိုက်မူ၍။ ရရှိသမျှသောပစ္စည်းတို့ဖြင့်။ရောင့်ရဲ၍သုံးဆောင်ရမည်ဆိုလိုသည်။

ကာလေနဓမ္မသဝနံဟူသောပါဠိ၏အဓိပ္ပါယ်ကား။ ကာမဝိတက်။ဗျာပါဒဝိတက်။ဝိဟိံသဝိတက်။၍မိစ္ဆာဝိတက်မဝင်လာသောအခါ။တရားတော်ကိုနာခြင်းငှာလျောက်ပတ်သောအခါမည်၏။

သောဝစဿတာဟူ သော ပါဠိ၏ အဓိပ္ပါယ်ကား။ သားတော်ရာဟုလာတို့။ ဩဝါဒပေးတော်မူ သောအခါ။ တခွန်းတည်းသောစကားဖြင့်နာယူလွယ်သကဲ့သို့။သူတော်ကောင်းတို့ဆုံးမစကားကို။တခွန်းတည်းဖြင့်နားထောင်နာယူလွယ်ရမည်ဆိုလိုသည်။

သမဏာနဉ္စဒဿနံဟူသောပါဠိ၏အဓိပ္ပါယ်ကား။ သီလဝန္တပုထုဇန်ပုဂ္ဂိုလ်နှင့်တကွ။ သောတာပန်ပုဂ္ဂိုလ်ရဟန်းတို့အား ဖူးမြင်ရမည်ဆိုလိုသည်။

တပေါစဟူသောပါဠိ၏အဓိပ္ပါယ်ကား။ ဣန္ဒြိယကိုစောင့်စေ၍။ အိန္ဒြိယသံဝရသီလကို။ လုံအောင်ထိန်းသိမ်းရမည်ဆိုလိုသည်။

ဗြဟ္မစရိယာစဟူသောပါဠိ၏အဓိပ္ပါယ်ကား။ မေထုံ၇ပါးမှ ကြဉ်ရမည်ဆိုလိုသည်။

အရိယသစ္စာနဒဿနံဟူသော ပါဠိ၏ အဓိပ္ပါယ်ကား။ သစ္စာလေးပါးတို့။ မဂ်ဉာဏ်ဖြင့်မြင်ရမည်။

နိဗ္ဗာနသစ္ဆိကိရိယာဟူသောပါဠိ၏ အဓိပ္ပါယ်ကား။ အရဟတ္တဖိုလ်သို့ရောက်ခြင်း။ ဆင်ခြင်ခြင်းကိုဆိုလိုသည်။

လောကဓမ္မေဟိဟူ သောပါဠိ၏ အဓိပ္ပါယ်ကား။ လာဘ်ရခြင်း။ လာဘ်မရခြင်း။ အခြံအရံရှိခြင်း။ အခြံအရံမရှိခြင်း။ ချီးမွမ်းခြင်း။ ကဲ့ရဲ့ခြင်း။ ချမ်းသာခြင်း။ ဆင်းရဲခြင်း။ ဤလောကဓံတရားရှစ်ပါးတို့ဆိုလိုသည်။

အထူးမှတ်ရန်အကျဉ်းအဓိပ္ပါယ်ပြီး၏။

———O———

မြန်မာနည်း။ ထံပေါက်ဝဝ်သတ်ပုံ။

ရရစ်၁၀ပါး။

ငါးမည် ရွှေကြာ။ ခက်ညွန့်ဖြာ။ စိမ်းပြာတို့လည်း ရစ်ရမည်။ ။ယည်ပျံ့ကြော။ ရွှေထိပ်ပြာ။ ကြီးကြွာတို့လည်းရစ်ရမည်။ ။ဇမ္ဗူသပြေ။ အသီးကြွေ။ မိုးမြေတို့လည်းရစ်ရမည်။ ။စည်းစိမ်ကြွေ။ ကြိုးနှယ်ဖြေ။ လက်ခြေတို့လည်းရစ်ရမည်။ ။ဘောင်းကင်မှာကြယ်။ လွှန်ဆန်းကြယ်။ ။စင်ကြယ်တို့လည်းရစ်ရမည်။ ။မွမ်းမံစီခြယ်။ စည်းစိမ်ကြွယ်။ မပြယ်တို့လည်းရစ်ရမည်။ ။မြည်ရွာမြို့ပြ။ မြက်ရှင်မြ။ ကြီးကြွတို့လည်း ရစ်ရမည်။ ။ရွှေဝက် ပျံ့ကြွ။ အသဏာပြ။

ကြောင့်ကြောကိုလည်းရစ်ရမည်။ ။မင်္ဂလာထိမ်း မြား။လွှန်
ဆန်းပြား။ဝိုင်းခြားကိုလည်းရစ်ရမည်။ ။ရွှမ်းဇန် ကြွား
ကြွား။ လွှန်မြောက်မြား။လျှောက်ကြွားကိုလည်းရစ်ရမည်။ ။
ငုံးခါနိုကြက်။ ကြောင်နှင့်ကြွက်။ ထောင်မြက်တို့လည်း ရစ်ရ
မည်။ ။အလျှံပြိုးပြက်။လျှပ်နှယ်ပြက်၊ကွယ်ပြက်ကိုလည်း
ရစ်ရမည်။ ။နီလာစိန်ကြောင်။စီခြယ်မြောင်။ဝင်းပြောင်
ကိုလည်းရစ်ရမည်။ ။ဘုရားဆရာကြောင်။တောမှါပြောင်။
ဆင်ပြောင်ကိုလည်းရစ်ရမည်။ ။အရေးအကြောင်း။ပြည်
ရွာပြောင်း။ကျည်းမြောင်းကို လည်းရစ်ရမည်။ ။မွှသတ်
ကြောင်း။မှတ်သည့်ပြောင်း။ရေမြောင်းကိုလည်းရစ်ရမည်။ ။
အဟုန်ပြင်းပြင်း။သိမ့်မြှောမြင်း။ကျုန်ကြွင်းကိုလည်းရစ်ရမည်။
နွှမ်းရိုထောင်းမြင်း။ ထားနှင့်မြွင်း။ ငါးကြင်းကို လည်းရစ်ရ
မည်။

## ယပင့်နည်း ၁၅ ပါး။

အသက်ရာကျော်။ဝည်းစိမ်ပျော်။မွေ့လျော်ကိုလည်းပင့်ရ
မည်။ ။မတော်မလျော်။မယုံမျက်မျော်။ကြည့်မျော်ကိုသည်း
ပင့်ရမည်။ ။ဒါနလှူမျှ။ဗိုက်ချုပ်ျုး။တောင်းကျိုးကိုသည်း
ပင့်ရပည်။ ။ခွမ်းရိခေါက်ချိုး။ နတ်မယ်ပျိုး။ ဆွဲမျိုးကို
လည်းပင့်ရမည်။ ။သူဝမ္ဘွေကျေး။ယည်ကျေးကျေး။တောင်
ကျေးကိုလည်းပင့်ရမည်။ ။မြို့ပြရွာကျေး။ ကြေးငွေချေး။
ထံကျေးကိုလည်းပင့်ရမည်။ ။ကြို့ဆင်သစ်ကျွား။အလွှန်
မျှား။နွားများကိုလည်းပင့်ရမည်။ ။သတ္တာချိုများ။ထန်းလျက်
များ။လျှာများကိုလည်းပင့်ရမည်။ ။ငါမွေးသည် မျောက်။
ငါ့ထိုချောက်။ပယ်ပျောက်ကိုလည်းပင့် ရမည်။ ။ပဏ္ဍမြား
ကျောက်။ဥစ္စာချောက်။ခန်းချောက်ကိုလည်းပင့်ရမည်။ ။
သုန်းကံမျှ။နွှန်းနှိမ့်ချ။လျှော့ကျကိုလည်းပင့်ရမည်။ ။ညွှင်း
ညွှင်းပျပျ။ပိန်းပဲချ။ပျောင်းပျကိုလည်းပင့်ရမည်။ ။စိုးရ

ချုပ်ချာ။သင်ပြုဲးဖျာ။သေချာတို့လှည်းပင့်ရမည်။ ။ဈွေရင်အလျော။နွဲ့နွဲ့ချော။နစ်မျှောတို့လှည်းပင့်ရမည်။ ။လူလည်းဓလျော။ချော်မျော။ဟက်ပျောတို့လည်းပင့်ရမည်။

---

## သက်သက်တသတ်၁၂ ပါး။

သုံးပုံဗိဋကတ်။ ကျမ်းးရှိတတ်။ ခွဲမှတ်တို့လည်းများသတ်မည်။ ။တရားဆုံးဖြတ်ဓမ္မသတ်။ဖြောင့်မတ်တို့လည်းတသတ်မည်။ဈွေရင်သားမြှတ်။နွှတ်တွတ်။ချောမွတ်တို့လည်းတို့သည်းတသတ်မည်။ ။မြက်ရှင်ကျောက်ဖြတ်။နဝရတ်၊ရာဖြတ်တို့လည်းတသတ်မည်။ ။ပွင့်ညှာပွင့်ဝတ်။ ပင်လုံးညွတ်။လှမ်းဆွတ်တို့လည်း တသတ်မည်။ ။တန်တိဲသန်ထွတ်။ဆိုင်ဂျွတ်။လွှမ်းဆွတ်တို့လည်း တသတ်မည်။ ။ဝကြွာရ ဟတ်။ လေးကျွန်းပတ်။ မိုးနတ်တို့သည်း တသတ်မည်။ ။မင်းကချဝတ်။ငွေတမတ်။ နိုက်ခတ်တို့လည်းတသတ်မည်။ ။တညီတညွှတ်။ခုံသမတ်။ လျောက်ပတ်တို့လည်းတသတ်မည်။ ။ကြက်တိုက်အနှ်ခတ်။ ကမ်ပတ်။ယှွင်းချွတ်တို့လည်းတသတ်ရမည်။ ။ဝက်နှယ်မိုင်းဖြတ်။လောကဝတ်။မလွှတ်တို့လည်းတသတ်မည်။ ။လုံခြုံသေသတ်။တံဆိတ်ခတ်။ပညတ်တို့လည်းတသတ်မည်။

---

## လုံးကြီးတင်တသတ် ၁၂ ပါး။

ကွန်ကြူးကရုပ်ဂိတ်။မိန့်ဈျပ်ဒိတ်။နိမိတ်တို့လည်းတသတ်မည်။ ။ဦးဆံမုတ်ဆိတ်။ပယ်ဖြတ်ရိတ်။ သပိတ်တို့လည်းတသတ်မည်။ ။မေတ္တာပရိတ်။ဒသရုံစိတ်။ဒသဇိတ်တို့လည်းတသတ်မည်။ ။မြွေဆိုတိတ်တိတ်။ နွှတ်သံပိတ်။ဆိတ်ဆိတ်တို့လည်းတသတ်မည်။ ။မျက်စိတိုမှိတ်။ ထည့်တိုညိတ်။တို့ဆိတ်တို့လည်းတသတ်မည်။ ။ချွေသိဂ်နိဂ်။ဒေရောင်ဘိတ်။ပေါ်မိတ်တို့လည်း တသတ်မည်။ ။တရားဝရိတ်။ငွေဆစိတ်။ရှုံးဗိတ်တို့လည်းတသတ်မည်။ ။ဝါဆန်

ဝါကြိတ်။အိမ်လုံး ထိတ်။မထိတ်ကိုလည်းတသတ်မည်။ ။ဝညာပဏ္ဏတ်။ပရောဟိတ်၊ ကျောက်ထိတ်ကိုလည်း တသတ်မည်။ ။ဆင်မြင်း နွားဆိတ်။ ကျွင်စာရိတ်။ ဒယိတ်ကိုလည်းတသတ်မည်။ ။သမာသ်တဒိတ်။အချာတ်ကိဂ်။ စဒိတ်ကိုလည်းတသတ်မည်။ ။တဘက်အွမြိတ်။နှမိတ်။ လန့်ထိဝ်ကိုလည်းတသတ်မည်။

တချောင်းငင်တသတ် ၁၂ ပါး။

အားအန်လည်းထုတ်။မိုးတိမ်မှုတ်။ချက်ပြုတ်ကိုလည်း တသတ်မည်။ ။အသံလည်းထုတ်။ ရှင်ဇုတ်။ ဂါရုတ်ကိုလည်းတသတ်မည်။ ။လိုက်၍သုတ်သုတ်။သိန်းနှယ်ဂုတ်။ ထိုးရုတ်ကိုလည်းတသတ်မည်။ ။ဝင်ရှုးသစ်ဒုတ်ခြောင့်ခလုတ်။ငင်နှုတ်ကိုလည်းတသတ်မည်။ ။သုတေသ်မပုတ်။ လူသူယုတ်။ နှင်ထုတ်ကိုလည်း တသတ်မည်။ ။မဂ်သသုတ်။ကျွမ်းရှိုးထုတ်။ ဝေဂုတ်ကိုလည်းတသတ်မည်။ ။ဖြသဝဒ်လိုဏ်မုတ်။ သေဖြင်းသုတ်။ ဝမုတ်ကိုလည်းတသတ်မည်။ ။ဆယ်တင်းဝင်ပုတ်။အနှားမြုတ်၊ သမုတ်ကိုလည်းတသတ်မည်။ ။မြန်မြန်သုတ်သုတ်။ လေးညှို့ဖြုတ်။နောံထုတ်ကိုလည်းတသတ်မည်။ ။ပင်လယ်ဝေဝုတ်။ ဒိလှိုင်းပုတ်။ သမုဒ်ကိုလည်း တသတ်မည်။ ။မှုဆိုးလှုနှုတ်။ အကျွင်ယုတ်။ ထံသုတ်ကိုလည်းတသတ်မည်။ ။ယုန်အရေထုတ်။ဇက်နှံဝုတ်၊ကြွမ်းကြွတ်ကိုလည်းတသတ်မည်။

သက်သက်နသတ် ၂၈ ပါး။

ကြက်ဈွာရွက်စွန်။ မိုးတိမ်စွန်။ ထွဲခွန်ကိုလည်းနသတ်မည်။ ။ပတ်ယာတ်သဏ္ဍာန်။ယာည်ဆဒ္ဓါန်။ ဆင်းကြွန်ကိုလည်းနသတ်မည်။ ။တုံနှန်းဝေယာန်။ နေ့ရဝ်ရွာန်။ဗိမာန်ကိုလည်း နသတ်မည်။ ။အခါးအငန်။ ဝဝ်ဖန် ဖန်။ ဆင်ကြွန်ကိုလည်းနသတ်မည်။ ။မြဲဩည်စိန်ဘန်။ ရွှေနားသန်။

ဘီးမှန်ကိုလည်းနသတ်မည်။ ။အတိုးသိမ်းတန်၊အွကုန့်ခါန်
ဆင်ရန်ကိုလည်းနသတ်မည်။ ။ဘန်းရူးသင်းကြွန်။အခါ
တန်။နဘ်ဖြန့်ကိုလည်းနသတ်မည်။ ။ရတုရကန်။ဝသ
ဝန်။ကာရန့်ကိုလည်းနသတ်မည်။ ။အမိန့်တော်ပြန်။ခဟာ
ဒါန်။တမန့်ကိုလည်းနသတ်မည်။ ။ဝေါဟာရ်ထိုး၊ပြောင်းပြန်၊
မြေတိုလှန်။ရွှမ်းအန့်ကိုလည်းနသတ်မည်။ ။ဒေါက်ထောက်
ရုန်ဆန့်။အဘန်ဘန့်။အော့အန့်ကိုလည်းနသတ်မည်။ ။နေ့
ထလုပ်ခွန်။ကြွာလဟန်။ကျေးကျွန်ကိုလည်းနသတ်မည်။ ။
ဒေါသစိတ်မာန်။လွှန့်ပြင်းထံန်။မြို့ဝန်ကိုလည်းနသတ်မည်။ ။
သီဘာ၇တန်။တောင်ရုဂန်။ကုမ္မာန်ကိုလည်းနသတ်မည်။ ။
ရွှေပြည်ကြွငှန်း။ဘဂန်း၊သိမ်းမြန်းကိုလည်းနသတ်မည်။ ။
ဖုသားသင်ပန်း၊ ခွ ် ယောက်ဖွန်း။ပုန်းလွှန်းကိုလည်းနသတ်
မည်။ ။ပြောက်ပုံခြယ်သန်း။ကာသည့်ပန်း။ယက်တန်းကို
လည်းနသတ်မည်။ ။ဘန့်ဝါနီမြန်း၊ပန်းသကိန်း။ ဆေးစွန်း
ကိုလည်းနသတ်မည်။ ။ပတ်ပတ်ရုံဝန်း။ မိုက်နွယ်တန်း။
ဝေဝင်ရန်းကိုလည်းနသတ်မည်။ ။ထုံ့ကောင်ရွက်ချွန်း။ပင်
ရိပ်ဝန်း။နွဲ့ရွှန်းကိုလည်းနသတ်မည်။ ။ဝည်သာဥဒါန်း။
သက်သေညွှန်း။မော်ကွန်းကိုလည်းနသတ်မည်။ ။အာရုံ
စိတ်မှန်း။ကမ္ဘာန်း။စီးဖြန်းကိုလည်းနသတ်မည်။ ။သံချို
နွဲ့တ်ခွန်း၊ဆိုတိုက်တွန်း။လိုလွှန်းကိုလည်းနသတ်မည်။ ။
တီသိက်မြှောက်သွန်း။ ဘရာမြန်း။ ဦးစွန်းကိုလည်း နသတ်
မည်။ ။တောဇာသုန်းတန်း။နေနွယ်ထွန်း၊သိမ်းသန်းကိုလည်း
နသတ်မည်။ ။ခါးကြိုးခပန်း။ချည်နှောင်ပန်း။ ထူးဆန်းကို
လည်းနသတ်မည်။ ။ရွှမ်းအန့်ကြီးလွှန်း။မြတ်ရာကျွန်း။တိုး
ခန်းကိုလည်းနသတ်မည်။ ။သရက်အုန်းတန်း။ထင်းကျ၊
ဇွန်း။ရွှင်လန်းကိုလည်းနသတ်မည်။

လုံးကြီးတျာင်နသတ် ၉ ပါး။

နဝရတ်ဗိန်။ဝင်းလျှံထိန်။ရောင်ရှိန်တိုလည်းနသတ်မည်။ ။အသက်ဇိဗိန်။ရတေချိန်။ညှိုးဗိန်တိုလည်းနသတ်မည် ။ပဋ္ဌမာလိန်။တာဝတိန်။ဒေဗိန်တိုလည်းနသတ်မည်။ ။မိုးကြိုးပုဆိန်။ဝရဇိန်။ဝံစ်ချိန်တိုလည်းနသတ်မည်။ ။လှုသုခမိန်။ပြဇ္ဈဗိန်။နိုင်းချိန်တိုလည်းနသတ်မည်။ ။သက်ိန်းဘထိန်။ဘုံးမသိန်။ငွေချိန်ကိုလည်းနသတ်မည်။ပညာတဝိန်။ ။ရှင်မဟိန်။ကျော်ရှိန်ကိုလည်းနသတ်မည်။ ။မင်းဓေဥဗိန်။ဓေယျသိန်။နရိန်တိုလည်းနသတ်မည်။ ။နွတ်သမ္ဗာကျိန်။လှုမှိန်မှိန်။ချိုမြိန်တိုလည်းနသတ်မည်။

---

လုံးကြီးတင်နသတ်။ဝိသဇ္ဇနီထိုး။ ၉ ပါး။

မျှော်ရှုဝိန်းဝိန်း။တမှိန်းမှိန်း။ ဝေဝင့်ထိန်းကိုလည်းနသတ်မည်။ ။ရှင်ပျော်ဝက်တျိန်း။တဗိန်းဗိန်း။ လူပြိန်းတိုလည်းနသတ်မည်။ ။သချာသောင်းသိန်း။ရေတွက်ကိန်း။ ချိန်းချက်တိုလည်းနသတ်မည်။ ။အသံထိန်းထိန်း။ပူစပ်တျိန်း။ထိန်းညက်ကိုလည်းနသတ်မည်။ ။တသက်တလိန်း။မြင်းဆင်ထိန်း။ ထိန်းကြောင်းတိုလည်းနသတ်မည်။ ။ပိန်းနဲ့လှော်ဗိန်း။ဝသည့်ပိန်း။လူပြိန်းတိုလည်းနသတ်မည်။ ။မိန်းမောမျှော်မှိန်း။တောင်း၍မှိန်း။မိန်းမတိုလည်းနသတ်မည်။ ။အမတ်ကာသိန်း။ ထောင်သည်မှိန်း။ ဒေဗိန်းတိုလည်း နသတ်မည်။ ။မြည်သံဟိန်းဟိန်း။ဆရာသိန်း။သိန်းဗိုးငွေတိုလည်းနသတ်မည်။

---

တချောင်းငင်နသတ် ၉ ပါး။

တောင်ရှိန် ဖြင်းဟုန်။ ဥက်ဝဏ္ဏုန်။ သုန်သုန်တို လည်းနသတ်မည်။ ။မလည်မသုန်။ရေကြောင်းစုန်။ဒုန်တို့လည်း။ နသတ်မည်။ ။ရောင်းဘောက်သည့်ကုန်။ ကြေးငွေကုန်။ သာကုန်တို့လည်းနသတ်မည်။ ။လူမျက်သုံပုန်။သမှာယုန်။

ဆင်မုန့်ကိုလည်းနသတ်မည်။ ။ဂိမွာန်ကဆုန်။သနယုန်။ တုန်လှုပ်ကိုလည်းနသတ်မည်။ ။ဆီးနှင်းမြူမှုန်။မိုးဝဠုန်။ မြူးခုန်ကိုလည်းနသတ်မည်။

---

## တချောင်းငင်နသတ်ဝိသဇ္ဇနီထိုး။ ဂငါး။

ရှင်ဘုရင့်ဘုန်း။ မိုးသို့ချုန်း။ မျက်ပြုန်းကိုလည်း နသတ်မည်။ ။တောင်းဝန့်ရှုန်းရှုန်း။တဟုန်းဟုန်း။ဗိတုန်းကိုလည်းနသတ်မည်။ ။လူမြင်ထိုင်းမှုန်း။တရွေ့ဝုန်း။ထုန်းဆကိုလည်းနသတ်မည်။ ။ဝတ်သေရုန်းစုန်း။ဘုံ့နွားရုန်း။ မျက်မုန်းကိုလည်းနသတ်မည်။ ။ခါသင့်ချိန်ဆုန်း။တန်ဆောင်မုန်း။ပျော်တုန်းကိုလည်းနသတ်မည်။ ။သရှင်ဂမုန်း။ ထန်းနှင့်အုန်း။ကုန်းပေါ်ကိုလည်းနသတ်မည်။ ။ခဲ့ခွဲရွှေခွန်းနှုန်း။ ။ဝသင်ပုန်း။နှိုင်းနှုန်းကိုလည်းနသတ်မည်။ ။ပျံ့သေဖြုန်းဖြုန်း။လေသင်တုန်း။ရှုန်းရှုန်းကိုလည်းနသတ်မည်။

---

## သက်သက်ပသတ်။ ၁၄ပါး။

ရွှေရင်ဝမ်းသပ်။ဆေးပင့်ငါးကျပ်။ပေါ်လျှပ်ကိုလည်းပသတ်မည်။ ။ရွှေရင်ချင်းဝပ်။ ပါးချင်းအပ်။ လက်ထပ်ကိုလည်းပသတ်မည်။ ။ရွှေပေနားကပ်။ ဆောင်းခေါ်အပ်။အကြွပ်ကိုလည်းပသည်မည်။ ။အင်းကျိုးသက်ကျပ်။ပါးလျှပ်လျှပ်။လက်စွပ်ကိုလည်းပသတ်မည်။ ကိုယ်တန်သွယ်သပ်။ တခုလပ်။နွဖပ်ကိုလည်းပသတ်မည်။ ။အိမ်ခြေတွင်းဝပ်။အရပ်ရပ်။မလပ်ကိုလည်းပသတ်မည်။ ။ကြွင်သီးရွှေအပ်။တရုပ်အပ်။တည်းဝပ်ကိုလည်းပသတ်မည်။ ။ခွဲကြာပွင့်ချပ်။ထမ္ဘာဆပ်။တင့်အပ်ကိုလည်းပသတ်မည်။ ။တရားတေ့ဝပ် ဆင်ခြေထပ်။ရိုးစွပ်ကိုလည်းပသတ်မည်။ ။မြေမှာတုပ်ချပ် ကြွေဘက်ရှဲ့ဝပ်။ပျစ်ဝပ်ကိုလည်းပသတ်မည်။ ။ပါးပါးချပ်ချပ်။ထက်ပျော့ဖပ်။သစ်တပ်ကိုလည်းပသတ်မည်။ ။ခြေနင်းဘိနပ်။သားမြီးယပ်။မွေးညှပ်ကိုလည်းပသတ်မည်။ ။

